**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**

**ပြည်ထောင်စုဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာ**

အမှတ်၊ ၅၈ /၂၀၂၀

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

(၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်)

## ကုန်းတွင်းဆိပ်ကမ်း (Dry Port) ဆိုင်ရာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများ

စီမံကိန်း၊ ဘဏ္ဍာရေး နှင့် စက်မှုဝန်ကြီးဌာနသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၂၀၄၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အောက်ပါ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်လိုက်သည်။

### အခန်း (၁)

### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤလုပ်ထုံးလုပ်နည်းများကို ကုန်းတွင်းဆိပ်ကမ်း (Dry Port) ဆိုင်ရာ အကောက်ခွန်လုပ်ထုံးလုပ်နည်းများဟု ခေါ်တွင်စေရမည်။

၂။ ဤလုပ်ထုံးလုပ်နည်းများတွင် ပါရှိသော စကားရပ်များသည် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်ထောင်စုဝန်ကြီး** ဆိုသည်မှာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ခ) **ညွှန်ကြားရေးမှူးချုပ်** ဆိုသည်မှာ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည်။

(ဂ) **ကုန်းတွင်းဆိပ်ကမ်း**ဆိုသည်မှာ ပင်လယ်ရေကြောင်းဆိပ်ကမ်းများ၊ လေဆိပ် များ နှင့် နယ်စပ်အကောက်ခွန် စခန်းများမှ တင်သွင်းလာသော ကုန်စည်များကို ရေလမ်း သို့မဟုတ် လေကြောင်းလမ်း သို့မဟုတ် ကားလမ်း သို့မဟုတ် မီးရထား လမ်းများဖြင့် တိုက်ရိုက်ချိတ်ဆက်သယ်ယူနိုင်ပြီး၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်

ရေးတွင် သယ်ယူပို့ဆောင်နိုင်သည့် လုပ်ငန်းစဉ်များကိုဆောင်ရွက်ခြင်း၊ ခွင့်ပြု ကုန်စည်များကို အကောက်ခွန်၏ ကြီးကြပ်မှု (Customs Control) ဖြင့် သိုလှောင်ခြင်း၊ အကောက်ခွန်ဆိုင်ရာ ကုန်စည်ရှင်းလင်းရေး လုပ်ငန်းစဉ်များ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည့် နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီသော အပြည်ပြည်ဆိုင်ရာ ကုန်းတွင်းဆိပ်ကမ်းကိုဆိုသည်။

(ဃ) **တစ်ဆင့်ဖြတ်သန်းသယ်ဆောင်ခြင်း (Transit)** ဆိုသည်မှာ မြန်မာနိုင်ငံကို ဖြတ်သန်း၍ အကောက်ခွန်၏ကြီးကြပ်မှု (Customs Control)ဖြင့် ခွင့်ပြု ကုန်စည်နှင့် ကုန်သေတ္တာများကို နိုင်ငံတစ်နိုင်ငံမှ နိုင်ငံတစ်နိုင်ငံသို့ တစ်ဆင့် ဖြတ်သန်းသယ်ဆောင်ခြင်းကိုဆိုသည်။

(င) **အကောက်ခွန်ကုန်လှောင်ရုံလုပ်ငန်း (Customs Warehousing)** ဆိုသည်မှာ တင်သွင်း သို့မဟုတ် တင်ပို့မည့် ကုန်ပစ္စည်းများကို ကျသင့်အခွန်များ ပေး ဆောင်ခြင်းမပြုဘဲ အကောက်ခွန်အရာရှိ၏ ကြီးကြပ်မှုဖြင့် အကောက်ခွန် ကုန်လှောင်ရုံအတွင်း၌ သိုလှောင်ထားရန် ဆောင်ရွက်သည့် လုပ်ငန်းကိုဆိုသည်။

(စ) **အကောက်ခွန်ကုန်လှောင်ရုံ (Customs Warehouse)** ဆိုသည်မှာ အကောက်ခွန် ဦးစီးဌာနက သတ်မှတ်ခွင့်ပြုထားသည့် အကောက်ခွန်ကုန်လှောင်ရုံ၏ဂိုဒေါင်ကိုဆိုသည်။

(ဆ) **ကုန်သေတ္တာများ ထားသိုရန် သတ်မှတ်ထားသောနေရာ (Inland container yard)** ဆိုသည်မှာ ပြည်ပသို့တင်ပို့သည့် သို့မဟုတ် ပြည်ပမှတင်သွင်းသည့် ကုန်စည်နှင့် ကုန်သေတ္တာများ တင်ခြင်း သို့မဟုတ် ချခြင်း၊ ထိန်းချုပ်ခြင်းနှင့် ထားသိုခြင်း တို့ အတွက် လိုအပ်သည့်ပံ့ပိုးမှုများကို ဖြည့်ဆည်းဆောင်ရွက်ထားသည့် ကုန်းတွင်း ဆိပ်ကမ်းအတွင်း လေဟာပြင်နေရာတွင်ရှိပြီး ကုန်သေတ္တာများ ယာယီရပ်နားရန် သတ်မှတ်နေရာကိုဆိုသည်။

(ဇ) **ကုန်စည်များစစ်ဆေးရန် သတ်မှတ်ထားသောနေရာ (Examination Yard)** ဆိုသည်မှာ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ တစ်ဆင့် ဖြတ်သန်း သယ်ဆောင်ခြင်းနှင့် အကောက်ခွန်ကုန်လှောင်ရုံအတွင်း သိုလှောင်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်တစ်ခုခုအတွက် ရည်ရွယ်၍ ကုန်းတွင်းဆိပ်ကမ်းအတွင်း ဝင်ရောက် လာသော ကုန်စည်နှင့် ကုန်သေတ္တာများကို သက်ဆိုင်ရာ အကောက်ခွန် လုပ်ထုံး

လုပ်နည်းများနှင့်အညီ လိုအပ်သလို စစ်ဆေးနိုင်ရန် သတ်မှတ်ထားသောနေရာကို ဆိုသည်။

(ဈ) **ကုန်ပစ္စည်းများ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း လုပ်ငန်း (Exportation or Importation)** ဆိုသည်မှာ တည်ဆဲဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်များအရ ခွင့်ပြုကုန်စည်များကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်းကြောင်းဖြင့်ဖြစ်စေ၊ ရေကြောင်းဖြင့်ဖြစ်စေ၊ လေကြောင်းဖြင့်ဖြစ်စေ ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းလုပ်ငန်းကို ဆိုသည်။

(ည) **တာဝန်ခံအကောက်ခွန်အရာရှိ** ဆိုသည်မှာ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေအရ ခွင့်ပြုထားသော ကုန်းတွင်းဆိပ်ကမ်းအတွင်း အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်သည့်အရာရှိကို ဆိုသည်။

(ဋ) **အကောက်ခွန်စစ်ဆေးရေးအရာရှိ** ဆိုသည်မှာ တင်သွင်းမည့် သို့မဟုတ် တင်ပို့မည့် ကုန်စည်နှင့် ကုန်သေတ္တာများကို စစ်ဆေးရန် တာဝန်ခံ အကောက်ခွန်အရာရှိက တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

## အခန်း(၂)

## ကုန်းတွင်းဆိပ်ကမ်းအတွင်းဆောင်ရွက်ခွင့်ပြုမည့်အကောက်ခွန်ဆိုင်ရာ အဓိကလုပ်ငန်းများ

၃။ ကုန်းတွင်း ဆိပ်ကမ်း အတွင်းတွင် အဓိကအားဖြင့် အောက်ပါလုပ်ငန်းများ ကို ဆောင်ရွက်ခွင့်ပြုသည် -

(က) ကုန်ပစ္စည်းများ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း (Exportation or Importation) ဆိုင်ရာလုပ်ငန်း

(ခ) အကောက်ခွန်ကုန်လှောင်ရုံ (Customs Warehousing) ဆိုင်ရာလုပ်ငန်း

(ဂ) တစ်ဆင့်ဖြတ်သန်းသယ်ဆောင်ခြင်း (Transit) ဆိုင်ရာ လုပ်ငန်း

## အခန်း(၃)

## ကုန်းတွင်းဆိပ်ကမ်းဆိုင်ရာ အကောက်ခွန်ကြီးကြပ်မှု

၄။ ပြည်ပမှ ပြည်တွင်း ဆိပ်ကမ်းသို့မဟုတ် လေဆိပ် သို့မဟုတ် နယ်စပ် အကောက်ခွန်စခန်းများသို့ ရောက်ရှိလာသော ကုန်စည်နှင့် ကုန်သေတ္တာများကို ကုန်းတွင်းဆိပ်ကမ်းသို့

ရွှေ့ပြောင်းမည်ဆိုပါကကုန်သေတ္တာတင်ယာဉ် (Container Truck) သို့မဟုတ် ကုန်ပစ္စည်း ထည့်သွင်းသယ်ဆောင်မည့် နောက်တွဲပါရှိသည့် အလုံပိတ်ယာဉ် (Box Truck) တို့ကို အသုံးပြု၍ မော်တော်ယာဉ် လမ်းကြောင်းဖြင့်ဖြစ်စေ၊ ကုန်သေတ္တာတင်ရထားဖြင့် ဖြစ်စေ၊ လေကြောင်းလမ်းဖြင့်ဖြစ်စေ အကောက်ခွန် ချိတ်တံဆိပ် (Customs Seal) သို့မဟုတ် အီလက်ထရောနစ်သော့ (E-lock) ခတ်နှိပ်၍ အကောက်ခွန်ကြီးကြပ်သော သယ်ယူ ပို့ဆောင် မှု (Bonded Transportation) စနစ်ဖြင့်သာ တိုက်ရိုက်ပို့ဆောင်ရမည်။

၅။ ကုန်ပစ္စည်းပိုင်ရှင်သည်ကုန်စည်နှင့် ကုန်သေတ္တာများ သယ်ဆောင်လာသည့် မည်သည့် ယာဉ်ကိုမဆို မိမိဆောင်ရွက်မည့် လုပ်ငန်းစဉ်အလိုက် ကုန်သေတ္တာများ ထားသိုရန် သတ်မှတ်ထားသောနေရာ (Inland Container Yard) တွင် သက်ဆိုင်ရာ ကုန်းတွင်းဆိပ်ကမ်း၏ သတ်မှတ်ထားသောလုပ်ထုံးလုပ်နည်းများနှင့်အညီစနစ်တကျ ထားရှိရမည်။

၆။ တာဝန်ခံ အကောက်ခွန်အရာရှိနှင့် အကောက်ခွန် စစ်ဆေးရေးအရာရှိတို့သည် ကုန်းတွင်းဆိပ်ကမ်းအတွင်းရောက်ရှိလာသော ကုန်စည်နှင့် ကုန်သေတ္တာများကို သတ်မှတ်ထားသော အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ စစ်ဆေးရမည်။

၇။ ကုန်ပစ္စည်းပိုင်ရှင်သည် မိမိ၏ ကုန်စည်နှင့် ကုန်သေတ္တာများကို ကုန်းတွင်း ဆိပ်ကမ်းအတွင်း ဆောင်ရွက်ခွင့်ပြုသည့် လုပ်ငန်းများ အလိုက် သက်ဆိုင်ရာ ကုန်းတွင်း ဆိပ်ကမ်းအတွင်း ကုန်စည်နှင့် ကုန်သေတ္တာများ စစ်ဆေးရန် သတ်မှတ်ထားသောနေရာတွင် တာဝန်ပေးအပ်ထားသည့် အကောက်ခွန် စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုကိုခံယူရမည်။

၈။ ကုန်ပစ္စည်းပိုင်ရှင်သည် ကုန်စည်နှင့်ကုန်သေတ္တာများ ကို ရှင်းလင်း ထုတ်ယူ၊ တင်ပို့သည့် အချိန်တွင် ကုန်းတွင်းဆိပ်ကမ်းရှိ အကောက်ခွန်ရုံး၌ မိမိတို့ဆောင်ရွက်မည့် လုပ်ငန်းများအလိုက် အထောက်အထား၊ စာရွက်စာတမ်းများ တင်ပြ၍ သတ်မှတ်ထားသည့် အကောက်ခွန် ကြေငြာလွှာများတွင် ဖြည့်သွင်း ကြေညာရမည်။

**ကုန်ပစ္စည်းများ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း (Exportation or Importation) ဆိုင်ရာ လုပ်ငန်း**

၉။ ကုန်ပစ္စည်းတင်ပို့သူ၊ တင်သွင်းသူများသည် ကုန်ပစ္စည်းများ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း (Exportation or Importation) လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ပစ္စည်းများကို ပြည်ပမှ ကုန်းတွင်းဆိပ်ကမ်းသို့ တင်သွင်းခြင်း မပြုမီ သို့မဟုတ် ပြည်ပသို့တင်ပို့ရန် ကုန်းတွင်း ဆိပ်ကမ်းမှ သယ်ယူခြင်းမပြုမီ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများက ထုတ်ပြန်ထားသည့်

နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ ကုန်ပစ္စည်းတင်ပို့သူ၊ တင်သွင်းသူများသည် ကုန်ပစ္စည်းများ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်း (Exportation or Importation) ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ ကုန်ပစ္စည်း တင်ပို့သူ၊ တင်သွင်းသူများသည် မည်သည့် ခွင့်ပြုလုပ်ငန်းစဉ်ကို မဆို ဆောင်ရွက်ရာတွင် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System – MACCS) လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၂။ မြန်မာအလိုအလျောက်ကုန်စည် ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System-MACCS)စနစ်ဖြင့်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည့်ကိစ္စရပ်များကို ပုံမှန်လုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ခွင့်ပြုမည်။

**အကောက်ခွန်ကုန်လှောင်ရုံ(Customs Warehousing)ဆိုင်ရာလုပ်ငန်း**

၁၃။ ကုန်ပစ္စည်းပိုင်ရှင်သည်အကောက်ခွန်ကုန်လှောင်ရုံ (Customs Warehousing) ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသော အကောက်ခွန်ကုန်လှောင်ရုံ(Customs Warehouse) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ ကုန်ပစ္စည်းပိုင်ရှင်သည် ခွင့်ပြုကုန်းတွင်းဆိပ်ကမ်းတစ်ခုတွင် သိုလှောင်ထားသည့် ကုန်စည်နှင့်ကုန်သေတ္တာများကိုအခြားခွင့်ပြုကုန်းတွင်းဆိပ်ကမ်းတစ်ခုသို့ ရွှေ့ပြောင်းလိုပါက အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်က အခါအားလျော်စွာ သတ်မှတ်ထားသည့် နည်းလမ်း၊ ပုံစံအတိုင်းရွှေ့ပြောင်းခွင့်ကို အကောက်ခွန်ညွှန်ကြားရေးမှူးချုပ်ထံလျှောက်ထားရမည်။

၁၅။ အပိုဒ် (၁၄) အရ လျှောက်ထားမှုအပေါ် ညွှန်ကြားရေးမှူးချုပ်ထံမှ ခွင့်ပြုချက်ရရှိပါက ကုန်ပစ္စည်းပိုင်ရှင်သည် ကုန်စည်နှင့် ကုန်သေတ္တာများကို အကောက်ခွန်၏ ကြီးကြပ်မှုဖြင့် သတ်မှတ်ကာလအတွင်းရွှေ့ပြောင်းရမည်။

၁၆။ ကုန်းတွင်းဆိပ်ကမ်း ဆောင်ရွက်ခွင့်ရသူသည် ခွင့်ပြုကုန်းတွင်းဆိပ်ကမ်း အတွင်းရှိ အကောက်ခွန်ဦးစီးဌာနမှသတ်မှတ်ပေးထားသည့်သီးခြားနေရာတွင်အကောက်ခွန်ကြီးကြပ်မှုမရှိသော ကုန်စည်များကို အကာအရံများဖြင့် ပြုလုပ် ထားသိုရမည်။

**တစ်ဆင့်ဖြတ်သန်းသယ်ဆောင်ခြင်း (Transit) ဆိုင်ရာလုပ်ငန်း**

၁၇။ ကုန်ပစ္စည်းတင်ပို့သူ၊ တင်သွင်းသူများသည် **တစ်ဆင့်ဖြတ်သန်း သယ်ဆောင်ခြင်း (Transit)** ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၄)**

**အထွေထွေ**

၁၈။ ကုန်းတွင်းဆိပ်ကမ်း (Dry Port)ဆိုင်ရာ အကောက်ခွန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေ အရထုတ်ပြန်ထားသည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက် ရမည်ဖြစ်ပြီး၊ ယင်းတို့အားဖောက်ဖျက်ကျူးလွန်ပါက ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေအရလည်းကောင်း၊ အခြားတည်ဆဲဥပဒေများအရလည်းကောင်း အရေးယူခြင်းခံရမည်။

၁၉။ ဤလုပ်ထုံးလုပ်နည်းများသည် ၂၀၂၀ ပြည့်နှစ်၊ ၆ မေ. လ ၂၅ ရက် နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

စိုးဝင်း
ပြည်ထောင်စုဝန်ကြီး

**********************************************************

စာအမှတ်၊ စဘစ / ဘဏ္ဍာ - ၂ / ၁ / ၂၉၅ (၂၃၆၅ / ၂၀၂၀)

ရက် စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

အကောက်ခွန်ဦးစီးဌာန

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် အဖွဲ့အစည်းများအားလုံး

ရုံးဝန်ကြီးရုံး၊ ဌာနခွဲများ အားလုံး

အမိန့်အရ

(ထွန်းထွန်းနိုင်)

အမြဲတမ်းအတွင်းဝန်